# ရဟန္တာအပေါင်းပွဲနေ့

ရှင်မာတေဦး ၅း၁ - ၁၂

သေပြီး နောင်ဘဝမှာ ကောင်းကင်ဘုံကို ရောက်မယ်၊ ဘုရားနဲ့အတူ ကောင်းကင်ဘုံမှာ ထာဝရအသက်ရှင်ရမယ်ဆိုတာတွေကို လူအများစုက စိတ်မဝင်စားကြပါဘူး။ ကျနော်တို့ လူ့ဘဝက ဒီလောကအသက်တာအတွက်ပဲရှင်ရတာဆိုရင် လူတွေဟာ သနားစရာ ဖြစ်နေမှာပေ့ါ။ ဝိညာဉ်ပါတဲ့လူတွေက ဒီဘဝသက်တမ်းကုန်ရင် ပြီးရော၊ နောင်ဘဝဆိုတာ မရှိတော့ဘူးဆိုရင် လူဟာ တိရစ္ဆာန်လို ဖြစ်သွားမှာပေ့ါ။ တိရစ္ဆာန်မှာ ဝိညာဉ်မပါလို့ တိရစ္ဆာန်မှာ နောင်ဘဝဆိုတာ မရှိပါဘူး။ လူကိုတော့ ဘုရားသခင်က သူ့ရဲ့ရွှေပုံသဏ္ဍာန်တော်အတိုင်း ဖန်ဆင်းထားလို့ လူမှာ မသေမပျောက်နိုင်တဲ့ဝိညာဉ်ပါတယ်။ ဒါကလည်း ဘုရားသခင်က လူကို ချစ်လို့ သူနဲ့အတူ ကောင်းကင်ဘုံမှာ ထာဝရအသက်ရှင်နေစေဖို့ စီစဉ်ထားတာပါ။

ဒါကြောင့် ကျနော်တို့ လူတွေရဲ့နောက်ဆုံးပန်းတိုင်ဟာ ကောင်းကင်ဘုံဖြစ်တယ်ဆိုတာ လူတွေ သတိရစေဖို့ အသင်းတော်က ရဟန္တာအပေါင်းပွဲကို ကျင်းပစေပါတယ်။ ဒီပွဲကို အသင်းတော်က ဝတ္တရားပွဲအဖြစ် သတ်မှတ်ပြီး ကျင်းပစေတာက ကျနော်တို့ရဲ့ နောက်ဆုံးပန်းတိုင်ကို မမေ့ဖို့၊ ဘဝကို အရှုံးမပေးဖို့ သတိပေးနေပါတယ်။ ယနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်း ရှင်မာတေဦး အခန်းကြီး ၅ မှာ ဆင်းရဲတာ၊ ငိုကြွေးရတာ၊ ဆာလောင်မွတ်သိတ်ရတာ၊ မတရားအလုပ်ခံရတာ၊ ညင်းပန်းနှိပ်စက်ခံရတာတွေ၊ မဟုတ်မမှန် နာမည်ဖျက်ခံရတာတွေဟာ အဓိပ္ပါယ်ရှိတယ်၊ အလကားခံရတာသက်သက် မဟုတ်ဘူး။ မင်္ဂလာရှိတယ်။ ကောင်းကျိုးရှိလိမ့်မယ် တဲ့။ ဆိုလိုတာက ထာဝရအသက်ရဖို့ သေချာလိမ့်မယ်။ ကောင်းကင်နိုင်ငံတော်ဆိုတာ အဲ့လိုစိတ်ထားရှိတဲ့သူတွေရဲ့ ထာဝရအိမ်တော် ဖြစ်ပါတယ်။

ခရစ်ယာန်တွေ မျှော်လင့်နေတာက ဘုရားသခင်က သူနဲ့အတူ ထာဝရအသက်ရှင်စေဖို့ ကောင်းကင်ဘုံကို ခေါ်ယူပါလိမ့်မယ်။ ဒါကြောင့် ကျနော်တို့ကို “ဘုရားသခင်ရဲ့သားသမီးများ” လို့ ခေါ်တော်မူတာပေ့ါ။ ဒါကြောင့် ကျနော်တို့ရဲ့ ပန်းတိုင်ကတော့ ရှင်းတယ်၊ ကောင်းကင်ဘုံမှာ ထာဝရအသက်ရှင်ဖို့ပါပဲ။

ယနေ့ ဖတ်ရတဲ့ ရှင်ယောဟန်ရဲ့ ဗျာဒိတ်ကျမ်းမှာ “ကောင်းကင်နိုင်ငံတော်မှာ ရောက်နေတဲ့လူတွေက မရေမတွက်နိုင်အောင် များပြားလှပါတယ်” တဲ့ ။ လူမျိုး အမျိုးမျိုး၊ ဘာသာစကားအမျိုးမျိုးက လူတွေ ရောက်နေကြတယ်။ လူတိုင်း ကောင်းကင်ဘုံကို ရောက်ပိုင်ခွင့်ရှိတယ်ဆိုတာ ထင်ရှားပါတယ်။ တခါတုံးက သခင်ယေဇူးကို လူတယောက်က မေးဖူးတယ် “ကောင်းကင်နိုင်ငံတော်ကို ရောက်တဲ့လူ နည်းသလား/များသလား ” တဲ့ ။ အဖြေမှန်ကတော့ ယနေ့ဖတ်ရတဲ့ ကျမ်းစာထဲကအတိုင်း မရေမတွက်နိုင်အောင် များပါတယ်ဆိုတာ အခုတော့ သိရပါပြီ။ လူတွေက လောကထဲမှာ ရှင်သန်နေထိုင်ကြရင်းနဲ့ ကောင်းကင်နိုင်ငံတော်ဟာ ငါတို့နဲ့ ထိုက်တန်ကြောင်း နှိမ့်ချတဲ့စိတ်ထား ထားပြရင်းနဲ့ သက်သေပြကြတယ်။ နူးညံ့တဲ့စိတ်ထား

ထားခြင်းအားဖြင့် သက်သေပြနေကြပါတယ်။ ဘာလို့လဲဆိုတော့ ကောင်းကင်ဘုံဆိုတာ နှိမ့်ချတဲ့လူတွေရဲ့ နိုင်ငံတော်၊ နူးညံ့သိမ်မွေ့တဲ့လူတွေရဲ့ နိုင်ငံတော်ဖြစ်လို့ ပါပဲ။ ဒီလိုစိတ်ထားနဲ့ နေထိုင်ရင်းနဲ့ လောကမှာ အသက်ရှင်ရတာ အဓိပ္ပါယ်ရှိလာစေပါတယ်။

လူအများစုက ကောင်းကင်နိုင်ငံတော်ကို စိတ်မဝင်စားကြဘူး၊ မျှော်လင့်မထားကြဘူး။ ကျနော်တို့ ခရစ်ယာန်တွေကတော့ သေချာပေါက် မျှော်လင့်နိုင်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ယေရှုဘုရားရှင်က သေရာမှ ပြန်ရှင်လို့ မျှော်လင့်နိုင်ကြတာပါ။ ဒါကြောင့် လောကမှာ ဆင်းရဲရင်လည်း စိတ်မပျက်ဘူး၊ မျှော်လင့်တယ်။ လောကမှာ ငိုကြွေးရလည်း စိတ်မပျက်ဘူး၊ မျှော်လင့်နေတယ်။ ညင်းပန်းနှိပ်စက်ခံရလည်း မျှော်လင့်တယ်။ မဟုတ်မမှန် အသရေဖျက်ခံရလည်း ကောင်းကင်ဘုံကို ပျော်ပျော်ကြီး မျှော်လင့်ပြီး နေနိုင်ကြပါတယ်။

အဲ့ဒီလို နောင်ဘဝမှာ ကောင်းကင်ဘုံကို ရောက်မယ်လို့ မျှော်လင့်နေပေမဲ့ ဒီလောကဘဝအသက်တာကို အလေးထားပါတယ်၊ တန်ဖိုးရှိရှိ နေထိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့ ပန်းတိုင် ကောင်းကင်ဘုံကို ရည်မှန်းချက်ထားပြီး ကျင့်ကြံနေထိုင်စရာ ဖြစ်နေလို့ ပါပဲ။ နောင်ဘဝမှာ ပြီးပြည့်စုံတဲ့ ထာဝရအသက်နဲ့ ရှင်နေရမှာကို အခုဘဝကတည်းက လက်တွေ့ အတွေ့အကြုံရှိနေစေပါတယ်။

ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ရှင်ယောဟန် ဩဝါဒစာ အခန်းကြီး ၃ မှာ "ဤကဲ့သို့ ကိုယ်တော်၌ မျှော်လင့်ထားသောသူတိုင်းသည် ကိုယ်တော်ကဲ့သို့ သန့်ရှင်းစင်ကြယ်စေရန် မိမိကိုယ်ကို သန့်စင်ကြလေ၏။" ကိုယ့်ကိုယ်ကို ဘယ်လို သန့်စင်ကြမလဲ။ ယနေ့ဖတ်ရတဲ့ သခင်ယေရှုရဲ့ မင်္ဂလာတရား (၈)ပါးက ဖော်ပြထားတဲ့ စိတ်ထားအတိုင်း ကိုယ့်စိတ်ထားကို ပြုပြင်ရင်းနဲ့ သန့်စင်စေရပါမယ်။ စိတ်ထားတွေ ပြင်ရပါမယ်။ ဘုရားကြိုက်တဲ့စိတ်ထားတွေက

- တရားမျှတတဲ့စိတ်ထား ၊ ချစ်တတ်တဲ့စိတ်ထား ၊ ငြိမ်းချမ်းစေလိုတဲ့စိတ်ထား၊ သနားတတ်တဲ့စိတ်ထား၊ နှိမ့်ချတဲ့စိတ်ထားတွေအတိုင်း ကိုယ့်စိတ်ထားကို ပြုပြင်ရပါမယ်။ စိတ်ထားကို အဲ့ဒီအတိုင်း ပြုပြင်ဖို့ ဘာသာသူတို့ သဘောတူကြပါရဲ့လား။ သဘောမတူရင်တော့ ကောင်းကင်နိုင်ငံတော်ဟာ သင့်အတွက် မဖြစ်နိုင်ပါဘူး။ ဒီလောကအသက်တာက ကိုယ့်ကိုယ်ကို စိတ်ထားပြင်ဖို့ ဘုရားက အချိန်ပေးထားတဲ့ကာလပါပဲ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။